၅၂၀၂
၁၁.၅.၁၁
11:00

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**ဝန် ကြီး ရုံး**

နေပြည်တော်

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

၂၀၁၁ ခုနှစ်၊ မေလ ၁၀ ရက်

**ရုံးအမိန့်စာအမှတ် ( ၆၀ / ၂၀၁၁ )**

၁။ ဖားကန့်ရတနာနယ်မြေရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ စနစ်တကျတူးဖော် ဆောင်ရွက်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည့် ဖားကန့်မြို့နယ်၊ ဖားကန့်ရတနာနယ်မြေ၊ ကျောက်စိမ်း တူးဖော်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဗိုလ်မှူးကြီးထွန်းထွန်းလွင်<br>ညွှန်ကြားရေးမှူး<br>သတ္တုတွင်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာထွန်းကြည်<br>ဒါရိုက်တာ<br>အဲဗားဝင်းနားကျောက်မျက်ကုမ္ပဏီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးအောင်မြင့်<br>လပ်ကီးစတားကျောက်မျက်ကုမ္ပဏီ | အဖွဲ့ဝင် |
| (ဃ) | ဦးအိုက်ခမ်း<br>အောင်ဟိန်းမင်းကျောက်မျက်ကုမ္ပဏီ | အဖွဲ့ဝင် |
| (င) | ဦးစိန်ဝင်း<br>ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီ | အဖွဲ့ဝင် |
| (စ) | ဦးတင်မောင်<br>ရှယ်ဖယ်မလီကျောက်မျက်ကုမ္ပဏီ | အဖွဲ့ဝင် |
| (ဆ) | ဦးသန်းဇော်ဦး<br>မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖားကန့်မြို့နယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစီးအရာရှိ<br>သစ်တောဦးစီးဌာန၊ ဖားကန့်မြို့နယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစီးအရာရှိ<br>မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ည) | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဖားကန့်မြို့နယ် | အဖွဲ့ဝင် |

(၄) ဦးဘုန်းနိုင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(၅) ဦးမောင်မောင်ရှိန်း တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

၂။ ဖားကန့်မြို့နယ်၊ ဖားကန့်ရတနာနယ်မြေ၊ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥရုချောင်း ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ဥရုချောင်း၏ ရေစီးရေလာကောင်းမွန်စေရေး ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ပူးပေါင်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥရုချောင်း ရေစီးရေလာကောင်းမွန်စေရေး စီမံချက်ပါအတိုင်း ဥရုချောင်းနှင့် ဆန်ခါချောင်းဆုံရာမှ တာမခံ-ဟောင်ပါး ကျေးရွာအထိ အပိုင်းလိုက် ရေလမ်းကြောင်း ထိန်းသိမ်းရေး ဦးစားပေးစီမံဆောင်ရွက်ရမည်။

(ခ) ဥရုချောင်း ရေစီးရေလာ ကောင်းမွန်ရေးကို မိုးရာသီကာလတစ်လျှောက် စောင့်ကြပ်စီမံဆောင်ရွက်သွားရမည်။

(ဂ) ယခင်နှစ်များက ရေဘေးအန္တရာယ် တွေ့ကြုံခဲ့ရသော ကျေးရွာများနှင့် ပတ်ဝန်းကျင်တွင် ဥရုချောင်း ရေစီးရေလာ ကောင်းမွန်စေရေး၊ ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေး ဦးစားပေးစီမံဆောင်ရွက်ရမည်။

(ဃ) စုပေါင်းမြေစာစွန့်ပစ်သည့် မြေစာပုံများနှင့် ဥရုချောင်း ဝဲ/ယာတို့တွင် မြေစာများ လျှောကျခြင်း (Land Slide) မဖြစ်ရေး (Bench) များ ပြုလုပ်စေရမည်။

(င) ဥရုချောင်း၏ လက်တက်များနှင့် လျှိုများတွင် စွန့်ပစ်မြေစာများ လျှောကျမှု၊ စီးဝင်မှု မရှိစေရေး မြေထိန်းတမံများ ပြုလုပ်စေရမည်။

(စ) ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော် ထုတ်လုပ်နေကြသော နိုင်ငံသား ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ခွင့်ပြုမိန့်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တူးဖော် လုပ်ကိုင်စေရေး ကြပ်မတ်ဆောင်ရွက်သွားရမည်။

(ဆ) ဖားကန့်ရတနာနယ်မြေအတွင်း တရားမဝင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရမည်။

(ဇ) တူးဖော်ထုတ်လုပ်ရရှိသော ကျောက်စိမ်းများ သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသော ဒေသများသို့ သယ်ယူရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဈ) ရတနာနယ်မြေအတွင်းရှိ ဥရုချောင်းနှင့် ဥရုချောင်း၏ ချောင်းလက်တက်များ ရေစီးရေလာကောင်းမွန်စေရေး၊ ချောင်းလက်တက်များအတွင်း မြေစာများ မစွန့်ပစ်စေရေး ကြီးကြပ်စီမံဆောင်ရွက် သွားရမည်။

(ည) ရတနာနယ်မြေအတွင်း စုပေါင်းမြေစာ စွန့်ပစ်ရန်နေရာများ၊ ဝင်လမ်း၊ ထွက်လမ်းများကို သတ္တုတွင်းဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီး သတ်မှတ်နိုင်ရေး တင်ပြဆောင်ရွက်ရမည်။ မြေစာစွန့်ပစ်ရန် သတ်မှတ်ထားသည့် နေရာများ၌သာ မြေစာများ စွန့်ပစ်ရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(ဋ) ရတနာနယ်မြေအတွင်း ကျောက်ကြောကုန်ပြီး တူးဖော်လုပ်ကိုင်ခြင်းမရှိသော လုပ်ကွက်များကို သက်ဆိုင်ရာလုပ်ငန်းရှင်က မြေပြန်လည်ဖို့စေရေး၊ သစ်ပင်များ စိုက်ပျိုးစေရေး၊ တူးဖော်ပြီးသော မှော်များနှင့် ဥရချောင်းနှင့် ဥရချောင်းလက်တက်များ၏ ရေဝေရေလဲ ဒေသများတွင် သစ်တော သစ်ပင်များ စိုက်ပျိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရမည်။ သစ်ပင်ပျိုးဥယျာဉ်များကို ကြိုတင်စီမံ ဆောင်ရွက်ထားရမည်။

(ဌ) ကော်မတီ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုမရှိသော ကုမ္ပဏီများ၊ စည်းကမ်းချိုးဖောက်သော ကုမ္ပဏီများရှိပါက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်ရေး သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြ ဆောင်ရွက်သွားရမည်။

ဦးသိန်းထိုက်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ်၊ ၁၅ ခွဲ (၂) ၂၀၁၁ (၂၁၄၇)
ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ မေလ ၁၀ ရက်

<u>ဖြန့်ဝေခြင်း</u>

အဖွဲ့ဝင်များအားလုံး

မိတ္တူကို

ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ကချင်ပြည်နယ်
ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

အမိန့်အရ

10/5/11

(ဦးမင်းမင်းဦး)
ရုံးအဖွဲ့မှူး
သတ္တုတွင်းဝန်ကြီးဌာန